ISP ကပြင်ရပ်ဝန်း

ISP EXPLAINER

China Studies

အမှတ်-၄ ၊ ဇူလိုင် ၁၂ ရက်၊ ၂၀၂၃ ခုနှစ်

# ကုန်သွယ်ရေးစင်္ကြံ (ILSTC) တည်ဆောက်မှု စစ်ကောင်စီနှင့် တရုတ်နိုင်ငံအကြား လုံခြုံရေး၊ သံတမန်ရေး ပူးပေါင်းဆောင်ရွက်မှု ပိုလုပ်လာ

ISP-Myanmar က စုစည်းထားတဲ့ မြန်မာ-တရုတ်ဆက်ဆံရေး ရက်စဥ်မှတ်တမ်းကို အခြေခံပြီး ဒီကာလအတွင်း အာရုံစိုက်စရာဖြစ်ရပ်တွေကို ဖော်ပြပါမယ်။ စစ်ကောင်စီ ထိုးစစ်ဆင်နေချိန်မှာပဲ ဆဒုံး-ကန်ပိုက်တီလမ်းပိုင်းမှာ တရုတ်အရာရှိတွေ လိုက်ပါလာတဲ့ ယာဥ်တန်း ပစ်ခတ်ခံခဲ့ရပါသေးတယ်။ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) အောက်မှာ **နယ်စပ်စီးပွားရေးဇုန် တည်ဆောက်ရေးနဲ့ အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်း ကုန်သွယ်ရေးစင်္ကြံ** (ILSTC) **တည်ဆောက်ရေး**အတွက် ယူနန်အာဏာပိုင်တွေနဲ့ စစ်ကောင်စီဝန်ကြီးတွေအကြား ဆွေးနွေးမှုတွေလုပ်နေပါတယ်။ သမ္မတရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံအဆိုပြုပြီးနောက်ပိုင်း တရုတ်-မြန်မာ နှစ်နိုင်ငံအကြားမှာလည်း **လုံခြုံရေးကဏ္ဍပူးပေါင်းမှုတွေ အားကောင်းလာပြီး သံတမန်ရေး ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်တိုက်လုပ်ကိုင်နေ**ပါတယ်။ တဖက်မှာတော့ တရုတ်အစိုးရဟာ မြန်မာနိုင်ငံအတွင်း သူ့အကျိုးစီးပွားတွေရှိနေတဲ့ ဒေသတွေမှာ **ပဋိပက္ခနဲ့ အကျိုးစီးပွားဖယ်ခွာရေးမဟာဗျူဟာ** (Decoupling Strategy) **ကို ပိုသုံးလာ**တာ တွေ့မြင်ရပါတယ်။

# အကြောင်းအရာ ၇၃ ခု အနှစ်ချုပ်

**၂၀၂၃ ခုနှစ် မေ ၁၈ ရက်ကနေ ဇွန် ၃၀ ရက်အတွင်း** ISP-Myanmar က စုစည်းလေ့လာခဲ့တဲ့ မြန်မာ-တရုတ် ဆက်ဆံရေးရက်စွဲမှတ်တမ်းတွေကို ပိုင်းခြားတဲ့အခါ အကြောင်းအရာ ၇၃ ခု ရှိခဲ့ပါတယ် **(ဇယား-၁ ကို ရှုပါ)**။ ဒီအထဲမှာ နိုင်ငံရေးဘောဂဗေဒ၊ ဆွဲဆောင်မှုကို အသုံးပြုသော အာဏာသြဇာ (Soft Power)၊ ပထဝီနိုင်ငံရေး၊ လူမှုရေးနဲ့ လူ့အခွင့်အရေး ဆိုင်ရာကိစ္စရပ်တွေ လွှမ်းမိုးခဲ့ပါတယ်။ ဒါတွေထဲကမှ **အာရုံစိုက်စရာ ဖြစ်ရပ်ငါးခု**ကို လိုတိုရှင်း ဖော်ပြပါမယ်။

ဇယား-၁

## မြန်မာ-တရုတ်ဆက်ဆံရေးတွင် လွှမ်းမိုးခဲ့သည့်အကြောင်းအရာများ ဆန်းစစ်ချက်

(၂၀၂၃ ခုနှစ် မေ ၁၈ ရက် - ဇွန် ၃၀ ရက်)

| စဉ် | အကြောင်းအရာ | ဖြစ်ရပ်အရေအတွက် |
|---|---|---|
| ၁။ | ပထဝီနိုင်ငံရေး | ၉ ခု |
| ၂။ | နိုင်ငံရေးဘောဂဗေဒ | ၂၂ ခု |
| ၃။ | သံတမန်ရေး | ၈ ခု |
| ၄။ | ကာကွယ်ရေးနှင့် လုံခြုံရေး | ၃ ခု |
| ၅။ | ပဋိပက္ခနှင့် ငြိမ်းချမ်းရေး | ၅ ခု |
| ၆။ | ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာသြဇာ (Soft Power) | ၁၂ ခု |
| ၇။ | စီမံအုပ်ချုပ်မှု၊ မူဝါဒနှင့် စံနှုန်းဆိုင်ရာပေါင်းစည်းရေး | ၁ ခု |
| ၈။ | လူမှုရေးနှင့် လူ့အခွင့်အရေး | ၉ ခု |
| ၉။ | နိုင်ငံဖြတ်ကျော်မှုခင်းများ | ၄ ခု |
| | စုစုပေါင်း | ၇၃ ခု |

စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်၏ တုံ့ပြန်မှု ရက်စွဲမှတ်တမ်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာ-တရုတ်ဆက်ဆံရေးကို လေ့လာရာ၌ အထောက်အကူဖြစ်စေရန် ISP-Myanmar က စုဆောင်းထားသော ရက်စွဲမှတ်တမ်း ➤

SCAN THIS CODE

## ၁။ တရုတ်ကိုယ်စားလှယ်ယာဉ်တန်း တိုက်ခိုက်ခံရ

တရုတ်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ယာဉ်တန်းဟာ ကချင်ပြည်နယ် ဆဒုံး-ကန်ပိုက်တီလမ်းပိုင်းမှာ ဇွန် ၂၇ ရက်က တိုက်ခိုက်ခံခဲ့ရပါတယ်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းရဲ့ အစိတ်အပိုင်းဖြစ်တဲ့ နန်ကျင်စီးပွားရေးဇုန်တည်ဆောက်ရေး ဆွေးနွေးဖို့ ယူနန်ပြည်နယ် ထိန်ချုံးမြို့ကနေ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ထွက်ခွာလာချိန်မှာ ဆဒုံးမြို့အလွန် အင်ဝမ်းကောင်ကျေးရွာနဲ့ လနားရေတံခွန်ကြားမှာ ပစ်ခတ်ခံရတယ်လို့ ကချင်ပြည်နယ်အခြေစိုက် 7 Stars News သတင်းဌာနကဆိုပါတယ်။ ပစ်ခတ်မှုကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က လုပ်ဆောင်ခဲ့တာလို့ စစ်ကောင်စီဘက်က စွပ်စွဲခဲ့ပါတယ်။ ဒါပေမဲ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အဲဒီဒေသမှာ ဝိုင်းမော်အခြေစိုက် ခလရ-၅၈ နဲ့ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ခေါင်းဆောင် ဦးရွှေမင်းရဲ့ ပြည်သူ့စစ် ပူးပေါင်းအင်အား ၇၀ လောက် စခန်းချထားတာပါ။ ဒီပစ်ခတ်မှုကို ဒေသအခြေစိုက် ပြည်သူ့စစ်ရော၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကပါ ငြင်းဆိုထားပါတယ်။

**စစ်ကောင်စီဟာ ကချင်ပြည်နယ်အတွင်း စစ်ရေးအရရော၊ တရုတ်နိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေးမှာပါ အချက်အခြာကျတဲ့ လမ်းပိုင်းတွေကို စိုးမိုးနိုင်ဖို့ ကြိုးစားနေ**ပါတယ်။ တရုတ်ကိုယ်စားလှယ်အဖွဲ့ယာဉ်တန်းမလာခင် တရက်အလိုမှာ ဆဒုံး-ကန်ပိုက်တီ လမ်းတလျှောက် တိုက်ပွဲဖြစ်ခဲ့ပြီး စစ်ကောင်စီနဲ့ ပြည်သူ့စစ် ပူးပေါင်းအဖွဲ့တွေဟာ KIA တပ်ရင်း-၃ ကို ဇူလိုင်လပထမပတ်မှာ ထိုးစစ်ဆင်ခဲ့ပါတယ်။ ဒီလမ်းပိုင်းဟာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်မှာရှိတဲ့ ကန်ပိုက်တီ-ထိန်ချုံး နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေး၊ ကုန်စည်စီးဆင်းမှုချောမွေ့ရေးနဲ့ မြစ်ကြီးနား စီးပွားရေးဖွံ့ဖြိုးမှုဇုန် (နန်ကျင်) နဲ့ ချိတ်ဆက်ရေးအတွက် အရေးပါတဲ့လမ်းပိုင်းဖြစ်ပါတယ်။ အခုဖြစ်စဉ်ဟာ စီးပွားရေးစင်္ကြံနဲ့ ကုန်သွယ်ရေးစင်္ကြံစီမံကိန်းတွေ ဖော်ဆောင်ဖို့ကြိုးပမ်းနေတဲ့ တရုတ်အစိုးရအတွက် လုံခြုံရေးသတိပေးမှု ဖြစ်စေခဲ့ပါတယ်။

## ၂။ ကုန်သွယ်ရေးစင်္ကြံတည်ဆောက်ရေး ဆွေးနွေးမှုပိုစိပ်လာ

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) ဖြစ်တဲ့ နယ်စပ်စီးပွားရေးဇုန် တည်ဆောက်ရေးနဲ့ ကုန်းလမ်း-ရေကြောင်း ကုန်သွယ်ရေးစင်္ကြံ (ILSTC) တည်ဆောက်ဖို့ ယူနန်ပြည်နယ် နယ်စပ်မြို့အရာရှိတွေနဲ့ စစ်ကောင်စီဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးအောင်နိုင်ဦးတို့ မေ ၁၉ ရက်မှာ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးမှု ▶

တွေထဲမှာ နယ်စပ်ကုန်သွယ်မှုတိုးတက်ရေးနဲ့ နယ်စပ်ဂိတ်တွေ အဆင့်မြှင့်တင်ရေးကိစ္စတွေ ပါပါတယ်။ စစ်ကောင်စီဝန်ကြီးဟာ မန့်ဝိန်း-ကျယ်ဂေါင်ဂိတ်၊ ကျင်စန်းကျော့-မက်မန့်ဂိတ်၊ ကြူကုတ်-ဝမ်တိန်ဂိတ်၊ နန်းတော်ဂိတ်နဲ့ ဆင်ဖြူဂိတ်တွေကိုလည်း တရုတ်သံအမတ် မစ္စတာချန်းဟိုင်နဲ့အတူ မေ ၂၀-၂၁ ရက်မှာ သွားရောက်ပြီး ယူနန်ပြည်နယ် အာဏာပိုင်တွေနဲ့လည်း တွေ့ခဲ့ပါသေးတယ်။ အဲဒီနယ်စပ်ဂိတ်တွေဟာ တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တွေရဲ့ ပင်မဇုန်တွေ အကောင်အထည်ဖော်မယ့်နေရာတွေ ဖြစ်ပါတယ်။

ဒါ့အပြင် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (CBECZ) တွေ အကောင်အထည်ဖော်ရာမှာအရေးပါတဲ့ နယ်စပ်ဂိတ် အခြေခံအဆောက်အအုံနဲ့ ဘဏ်စနစ် အဆင့်မြှင့်တင်ဖို့၊ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ဖို့၊ နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးပုံမှန်ကျင်းပဖို့နဲ့တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်ဖို့ကိုလည်း မေ ၂၀ ရက်က တက်ဟုန်းခရိုင် အာဏာပိုင်တွေနဲ့ တွေ့ချိန်မှာ စစ်ကောင်စီဘက်က ဆွေးနွေးခဲ့ပါတယ်။ လင်ချန်းမြို့ အာဏာပိုင်တွေဟာ ILSTC စီမံကိန်း အကောင်အထည်ဖော်ဖို့ စစ်ကောင်စီကို တစိုက်မတ်မတ် တိုက်တွန်းနေပါတယ် (ISP Explainer **အမှတ်-၂ ကိုရှုပါ**)။ CMEC အောက်မှာ ချင်းရွှေဟော်-လင်ချန်းနယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (CBECZ) အကောင်အထည်ဖော်ဖို့ ပြင်ဆင်နေပြီး ဒီစီမံကိန်းဟာ ယူနန်ပြည်နယ်ဘက်ခြမ်း မန်တိန့် နယ်စပ်ဂိတ်ကနေ လင်ချန်းမြို့ကို ချိတ်ဆက်မှာပါ။ တခါ တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာ ရေလမ်းကြောင်းသစ်နဲ့ ကုန်းလမ်း-ရေကြောင်း နိုင်ငံတကာကုန်သွယ်ရေးစင်္ကြံသစ် (ILSTC) ကလည်း လင်ချန်းမြို့ကို ဖြတ်သန်းမှာဖြစ်ပါတယ်။

CMEC နဲ့ ILSTC အပါအဝင် ကုန်သွယ်စီးပွား ပူးပေါင်းဆောင်ရွက်ရေးတွေကို အဓိကဆွေးနွေးခဲ့တဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံကုန်စည်ပြပွဲကိုလည်း မေ ၂၅ ရက်ကနေ ၂၈ ရက်အထိ နေပြည်တော်မှာ လုပ်ခဲ့ပါသေးတယ်။ ဒီပြပွဲမှာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအတွက် အခြေခံအဆောက်အအုံတည်ဆောက်ဖို့ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တွေ တည်ထောင်သွားမယ်လို့ စစ်ကောင်စီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းရှိန်က ကတိပေးခဲ့ပါတယ်။ မြန်မာ့ပို့ကုန်တွေ ဈေးကွက်ပိုရအောင် ဒေသတွင်းနဲ့ နှစ်နိုင်ငံသဘောတူညီချက်တွေနဲ့အညီ ကုန်သွယ်မှုကန့်သတ်ချက်တွေကို လျှော့ချပေးဖို့လည်း တရုတ်နိုင်ငံကိုတောင်းဆိုခဲ့ပါတယ်။ ပြပွဲမှာ AJ Myanmar ကုမ္ပဏီနဲ့ Shenyang Tianfeng Bio-Pharm ကုမ္ပဏီတို့အကြား ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊

- AJ Myanmar ၊ Shenyang Tianfeng Bio-Pharm နှင့် ဖူလီလိုက် (Fully Light) ကုမ္ပဏီ

AJ Myanmar ကုမ္ပဏီသည် သစ်တော၊ တွင်းထွက်၊ ရာဘာနှင့် ပလတ်စတစ်ပစ္စည်းများကို အဓိကထုတ်လုပ်ပြီး Shenyang Tianfeng Bio-Pharm ကုမ္ပဏီသည် တရုတ်နိုင်ငံ အရှေ့မြောက်ဘက်ရှိ လျောင်နင်း (Liaoning) ပြည်နယ် အခြေစိုက် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည်။ လျောင်နင်းပြည်နယ်သည် တရုတ်အရှေ့မြောက်ပိုင်းတွင် အကြီးဆုံးနှင့် ကြွယ်ဝမှုအရှိဆုံးပြည်နယ်ဖြစ်ပြီး တရုတ်တနိုင်ငံလုံးတွင် ထိပ်တန်းထုတ်လုပ်မှု အဆင့်သုံးရှိသည်။

ဖူလီလိုက် (Fully Light) ကုမ္ပဏီအုပ်စုသည် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌အခြေစိုက်ကာ ဟိုတယ်နှင့် ကာစီနိုလုပ်ငန်း၊ ကုန်သွယ်ရေး၊ ရာဘာနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ပြီး စစ်ကောင်စီလက်အောက်ခံ ကိုးကန့်နယ်ခြားစောင့်တပ်နှင့်လည်း ဆက်စပ်နေသည်။

Yoma Bank Limited၊ Fully Light ကုမ္ပဏီအုပ်စုနဲ့ ကိုးကန့်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းတို့အကြား ဘဏ်ငွေပေးချေမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးခဲ့သလို ကုမ္ပဏီ ၁၇ ခုကလည်း ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကိုးခုကို လက်မှတ်ထိုးခဲ့ပါတယ်။

တဖက်မှာလည်း တရုတ်နိုင်ငံဘက်က သိမ်းဆည်းခဲ့တဲ့ ပို့ကုန်တွေအတွက် စစ်ကောင်စီဝန်ကြီးနဲ့ တရုတ်သံရုံးတာဝန်ရှိသူတွေ ကူမင်းမြို့မှာတွေ့ဆုံပြီး သုံးပွင့်ဆိုင် ဆွေးနွေးခဲ့ပါတယ်။ ဒါပေမဲ့ သိမ်းဆည်းထားတဲ့ မြန်မာ့ပဲပို့ကုန်တွေကို ဇွန် ၁၅-၁၆ ရက်တွေမှာ ရွှေလီအကောက်ခွန်ဌာနက လေလံတင်ရောင်းချခဲ့ပါတယ်။ အခုချိန်မှာ တရုတ်-မြန်မာနှစ်နိုင်ငံအကြား ပဲတင်ပို့မှုတွေ ရပ်နားထားပါတယ်။

## ၃။ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာ

တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative-GSI)ကို ၂၀၂၂ ခုနှစ် ဧပြီလမှာ အဆိုပြုခဲ့ပါတယ်။ ဒီအချိန်နောက်ပိုင်း တရုတ်-မြန်မာ နှစ်နိုင်ငံအကြားမှာလည်း လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းလာပါတယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်းရဲ့ မြန်မာနိုင်ငံခရီးစဉ် မတိုင်မီ ရက်ပိုင်းအလို ဧပြီ ၂၈ ရက်မှာ GSI ကို ကြိုဆိုထောက်ခံကြောင်း သဘောထားရပ်တည်ချက်ကို စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါ

## အာဏာသိမ်းမှုအလွန် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများ

**၂၀၂၂ ခုနှစ်**

**ဩဂုတ် ၂**

ယူနန်ပြည်နယ် နိုင်ငံတကာစီးပွားရေးနည်းပညာ ကူးလူးဖလှယ်ရေး စင်တာက တာဝန်ခံကျင်းပသည့် တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းကို အွန်လိုင်းဖြင့်ဖွင့်လှစ်ခဲ့။

**အောက်တိုဘာ ၂၁**

ကန်ပိုက်တီ-ထိန်ချုံး နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကို ကျင်းပခဲ့။

**အောက်တိုဘာ ၂၆**

တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ သတ္တမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို စစ်ကောင်စီက ပြုလုပ်ခဲ့။

**နိုဝင်ဘာ ၂၄**

မူဆယ်-ရွှေလီ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် စီမံကိန်းအတွက် ဒေသအဆင့်လုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို အွန်လိုင်းဖြင့်ကျင်းပခဲ့။

**၂၀၂၃ ခုနှစ်**

**ဧပြီ ၂**

ကန်ပိုက်တီ-ထိန်ချုံး နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် စီမံကိန်း နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် MOA မူကြမ်းပါ အချက်အလက်များကို ဆွေးနွေးခဲ့။

**ဧပြီ ၆**

နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ အကောင်အထည်ဖော်ရေး အရှိန်မြှင့်ရန် တရုတ်သံအမတ် မစ္စတာချန်းဟိုင်နှင့် စစ်ကောင်စီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးအောင်နိုင်ဦးတို့ နေပြည်တော်တွင် ဆွေးနွေးခဲ့။

**မေ ၂**

နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ဆောက်ရေး အလေးထားဆောင်ရွက်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်းက ယူနန်ပြည်နယ် တရုတ်-မြန်မာနယ်စပ်သို့ သွားရောက်စဉ် ပြောကြားခဲ့။

**မေ ၂၀**

နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေး စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးအောင်နိုင်ဦးနှင့် တက်ဟုန်းခရိုင် ပါတီအတွင်းရေးမှူး မစ္စတာကျန်ရှန် (Mr. Jiang Shan) တို့ ဆွေးနွေးခဲ့။

တယ်။ မေ ၁၉ ရက်မှာတော့ တရုတ်သံမှူးနဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံမီဒီယာအဖွဲ့ ၂၀ နီးပါးတို့ တရုတ်သံရုံးမှာ တွေ့ဆုံပြီး GSI နဲ့ပတ်သက်တဲ့ အဆိုပြုချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် တရုတ်ဗဟိုစစ်ကော်မရှင်က ဗိုလ်မှူးချုပ်ယန်ယန်း (Yang Yang) ဟာ မေ ၃၀ ရက်မှာ နေပြည်တော်ကိုလာခဲ့ပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံတပ်မတော်နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ပါတယ်။ အာဏာသိမ်းမှုအလွန် တရုတ်စစ်ဘက်ဆိုင်ရာ ထိပ်တန်းပုဂ္ဂိုလ်တဦးရဲ့ ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်လည်း ဖြစ်ပါတယ်။

တဖက်မှာလည်း နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုတွေ၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်နေတာတွေကို နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက်ဖို့ တရုတ်သံအမတ် မစ္စတာချန်းဟိုင်ဟာ စစ်ကောင်စီဝန်ကြီးတွေနဲ့ မေ ၃၁ ရက်က ဆွေးနွေးခဲ့ပါတယ်။ တချိန်တည်းမှာပဲ မြန်မာနိုင်ငံအတွင်းက တရုတ်နိုင်ငံသားတွေအနေနဲ့ အွန်လိုင်းငွေကြေးလိမ်လည်မှုနဲ့ ဆက်စပ်နေတဲ့ အချိန်ပိုင်းအလုပ်ငါးခုမှာ ဝင်မလုပ်ဖို့ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဇူလိုင် ၇ ရက်မှာ တားမြစ်လိုက်ပါတယ်။ ဒီအမိန့်စာကြောင့် ငွေသွင်းငွေထုတ်တာ၊ ဖုန်းကတ်နဲ့ဘဏ်အကောင့်ရောင်းဝယ်တာ၊ GOIP နဲ့ VOIP အင်တာနက်ချိတ်ပေးတာ၊ ဖုန်းခေါ်ဆိုပေးတာ၊ ကြော်ငြာဝန်ဆောင်မှုပေးတာတွေကို မြန်မာနိုင်ငံရောက် တရုတ်နိုင်ငံသားတွေ တရားဝင် လုပ်ခွင့်မရှိတော့ပါဘူး။

ဒါ့အပြင် နှစ်နိုင်ငံပူးပေါင်းပြီး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်အစည်းအဝေးကို သတ္တမအကြိမ်မြောက်ကျင်းပဖို့နဲ့ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အစီအမံအောက်ကနေ တရားဥပဒေစိုးမိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း မစ္စတာချန်းဟိုင်နဲ့ စစ်ကောင်စီဝန်ကြီးတွေ ဆွေးနွေးခဲ့ပါသေးတယ်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံကတဆင့် မဲခေါင်ဒေသတွင်း သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ဖို့ တရုတ်နိုင်ငံက အဆိုပြုထားပါတယ်။ ဒါကြောင့် လာမယ့်ကာလအတွင်းမှာ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နှစ်နိုင်ငံချင်းရော၊ နိုင်ငံစုံယန္တရားတွေကတဆင့်ပါ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းလာနိုင်ပါတယ်။ GSI အဆိုပြုချက်နဲ့အတူ တရုတ်နိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဥပဒေစိုးမိုးရေးသင်တန်း ၅,၀၀၀ နီးပါးပေးဖို့ ရှိနေတာကြောင့် မြန်မာနိုင်ငံလည်း တရုတ်နိုင်ငံရဲ့ လုံခြုံရေးနဲ့ ဥပဒေစိုးမိုးရေးဆိုင်ရာ စံနှုန်း၊ အလေ့အကျင့်နဲ့ မူဝါဒတွေကို တင်ကူးလက်ခံရတာတွေ ရှိလာနိုင်တာလည်း သတိပြုစရာပါ။

## ၄။ သံတမန်ရေးပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာ

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်းရဲ့ မြန်မာခရီးစဉ်အလွန်မှာ တရုတ်နိုင်ငံနဲ့ စစ်ကောင်စီအကြားသံတမန်ရေးအရပူးပေါင်းမှုဟာဆက်လက်အားကောင်းနေပါတယ်။ ဇွန် ၈ ရက်မှာ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု ၇၃ နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်မှာလုပ်ခဲ့ပြီး သဘောတူညီချက် လေးခုကိုလက်မှတ်ထိုးခဲ့ကြပါတယ်။ ဒီအထဲမှာ အစိုးရနည်းပညာကောလိပ်(မန္တလေး)အတွက် အွန်လိုင်းဝန်ဆောင်မှုနဲ့ ဆက်စပ်ပစ္စည်းများထောက်ပံ့ရေးစီမံကိန်း၊ အောင်ဆန်း အားကစားကွင်း ပြန်လည်တည်ဆောက်ရေးအတွက် ဆန်းစစ်လေ့လာမှုတွေလည်းပါပါတယ်။

တချိန်တည်းမှာပဲ နိုင်ငံတကာမျက်နှာစာနဲ့ အာဆီယံမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဖို့ ပိုမိုလုပ်ဆောင်လာပါတယ်။ မေ ၂၄ ရက်မှာ တရုတ်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာနုန်ယုံ (Nong Rong) နဲ့ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးတို့ တရုတ်နိုင်ငံ ရှန်ကျန်း (Shenzhen) မြို့မှာတွေ့ခဲ့ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့နဲ့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူများအရေးတွေ ဆွေးနွေးခဲ့ကြတာပါ။ ဒါ့အပြင် ဇွန် ၂ ရက်မှာ တရုတ်သံအမတ်မစ္စတာချန်းဟိုင်က စစ်ကောင်စီ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကိုကိုလှိုင်နဲ့တွေ့ပြီး နိုင်ငံတကာမျက်နှာစာမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့နဲ့ နယ်စပ်ဒေသတည်ငြိမ်ရေး ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ပါသေးတယ်။ တဖက်မှာလည်း ရှင်ကျန်းမြို့မှာ မေ ၂၅ ရက်က အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ဦးချမ်းအေးက တရုတ်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့ ပူးတွဲသဘာပတိ လုပ်ခဲ့ပါတယ်။

ဒီလိုမျိုး သံတမန်ရေး ပူးပေါင်းမှုအားကောင်းလာတဲ့အပေါ် တုံ့ပြန်တာတွေလည်း ရှိလာပါတယ်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က ဇွန် ၂၄ ရက်မှာ ကြေညာချက်တရပ်ထုတ်ပြန်ခဲ့ပြီး စစ်ကောင်စီကို လက်နက်ရောင်းတာနဲ့ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်နေတာတွေ ရပ်တန့်ဖို့၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် တော်လှန်ရေးအင်အားစုတွေနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းထားပါတယ်။ တရုတ်နိုင်ငံဟာ စစ်ကောင်စီနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံလာတာနဲ့အတူ တဖက်မှာလည်း အိမ်နီးချင်းသံတမန်ရေး (Neighborhood Diplomacy) အရ မြန်မာ့အရေးဖြေရှင်းဖို့ အားထုတ်တာတွေလည်း ရှိလာပါတယ် (ISP OnPoint **အမှတ်- ၁၄ ကို ရှုပါ**)။

## ၅။ အကျိုးစီးပွားကို ပဋိပက္ခမှဖယ်ခွာရေး ကြိုးပမ်းမှု

တရုတ်အစိုးရဟာ မြန်မာနိုင်ငံအတွင်း သူ့အကျိုးစီးပွားတွေရှိနေတဲ့ ဒေသတွေမှာ ပဋိပက္ခနဲ့ အကျိုးစီးပွားဖယ်ခွာရေး မဟာဗျူဟာ (Decoupling Strategy) ကို ပိုသုံးလာပါတယ်။ ဇွန် ၁-၂ ရက်မှာ တရုတ်အစိုးရရဲ့ ကြားဝင်စေ့စပ်ပေးမှုနဲ့ ရက္ခိုင့်တပ်တော် (AA)၊ တအန်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) တို့ဟာ စစ်ကောင်စီနဲ့ မိုင်းလားမှာ တွေ့ခဲ့ပါတယ်။ နှစ်ဖက်စလုံးက ကိုယ်စီလိုလားချက်တွေ ဆွေးနွေးခဲ့ကြပြီး တင်းမာတဲ့အခြေအနေမဖြစ်အောင် ရှောင်ခဲ့ကြပါတယ် (ISP Insight Email **အမှတ်-၁၆ ကို ရှုပါ**)။ မိုင်းလားဆွေးနွေးပွဲအပြီး တလအကြာ ဇူလိုင် ၁ ရက်မှာတော့ သူတို့ထိန်းချုပ်နယ်မြေတွေအတွင်းက နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အနှောင့်အယှက်ပေးတာတွေ မလုပ်ဖို့ ညီနောင်မဟာမိတ်သုံးဖွဲ့က သတိပေးခဲ့ပါတယ် (ISP Insight Email **အမှတ်-၁၈ ကိုရှုပါ**)။ ဒီသတိပေးချက်ဟာ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားတွေ ဆုံချက်ကျရာဖြစ်တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတည်ငြိမ်ရေးနဲ့ ဆက်စပ်နေတယ်လို့ ဆိုနိုင်ပါတယ်။

ISP-Myanmar ရဲ့ အချက်အလက်တွေအရ တရုတ်စီမံကိန်းတွေရဲ့ဝန်းကျင်မှာ တိုက်ပွဲဖြစ်မှု လျော့ကျနေပါတယ် (ISP Mapping **အမှတ်-၁၇ ကို ရှုပါ**)။ ဒါပေမဲ့ တရုတ်စီမံကိန်းတွေမှာ လုံခြုံရေးယူပေးနေတဲ့ စစ်ကောင်စီတပ်တွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံတပ်တွေက ဝင်ရောက်တိုက်ခိုက်နေဆဲပါပဲ။ မေ ၂၁ ရက်ကနေ ၂၅ ရက်အထိ ငါးရက်အတွင်းမှာတင် မန္တလေးတိုင်း ကျောက်ပန်းတောင်းနဲ့ တောင်သာမြို့နယ်၊ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်တွေမှာ တရုတ်စီမံကိန်းတွေမှာ လုံခြုံရေးယူပေးနေတဲ့ စစ်ကောင်စီတပ်တွေကို NUGလက်အောက်ခံ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေက သုံးကြိမ်ထက်မနည်း တိုက်ခိုက်ခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တရုတ်နိုင်ငံနဲ့ နီးစပ်တယ်လို့ အညွှန်းခံရလေ့ရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအပေါ် တရုတ်အစိုးရရဲ့ ဆက်ဆံမှု၊ တခါ ညီနောင်မဟာမိတ်သုံးဖွဲ့ရဲ့ သတိပေးချက် စတာတွေအပြင် ISP-Myanmar က စုဆောင်းထားတဲ့ ပဋိပက္ခဆိုင်ရာ အချက်အလက်တွေကို ကြည့်တဲ့အခါ တရုတ်နိုင်ငံဟာ သူ့အကျိုးစီးပွားနဲ့ ပဋိပက္ခဖယ်ခွာရေးဗျူဟာ (Decoupling Strategy) ကျင့်သုံးနေတာကို မြင်သာပါတယ်။ ■

## ကိုးကား

7Stars News. (2023, June 28). တရုတ် ကောင်စစ်ဝန်ရုံးယာဉ်တန်း မြန်မာဘက်ခြမ်းတွင် ပစ်ခတ်ခံရ https://www.facebook.com/news.sevenstars/posts/pfbid02RXxyQ1UsA38qDHcnYF1YgBWVotLK4jBmjPgANpq6Ny-5FxcgraNMCHBervL4Yo3Fmlhttp://myawady.net.mm/node/40993

Kachin News Group. (2023, July 3). *ဆဒုံး-ကန်ပိုက်တီလမ်းမှာ စစ်ကောင်စီတပ်လက်အောက်ခံပြည်သူ့စစ်တပ်နဲ့ KIA တပ်တို့ကြား စစ်ရေးတင်းမာနေဆဲ.* https://burmese.kachinnews.com/2023/07/03/

Myanmar National Post. (2023, May 30). နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်ဗဟိုစစ်ကော်မရှင်၊ ပူးတွဲစစ်ဦးစီးဌာန၊ ခေတ္တစစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ https://www.mmnationalpost.com/2023/05/blog-post_4418.html

The 74 Media. (2022, October 31). *ဝိုင်းမော်-ကန်ပိုင်တီလမ်းမပေါ်ရှိ စစ်ကောင်စီပူးပေါင်းစခန်းကို KIA-PDF သွားရောက်တိုက်ခိုက်.* https://www.facebook.com/The74Media/posts/pfbid02TFZj5cADzUAoiuncQcG61Fqch3X79MsfufsK2PYBamtpTg-5darn8VtbEdSgci8xGl

ကောင်းကောင်း. (မေ ၉၊ ၂၀၂၃). *တရုတ်-မြန်မာနယ်စပ် ကံပိုင်တည်စီးပွားရေးနယ်မြေစီမံကိန်း အကောင်အထည်ဖော်ရေး MoA စာချုပ်မူကြမ်းပါ အချက်များညှိနှိုင်းဆွေးနွေး* [ကွန်ရက်ပေါက်ဖော်]. http://www.paukphaw.com/index.php?m=article&f=view&id=4962

မြန်မာ့အလင်း. (ဇွန် ၃၀၊ ၂၀၂၃). ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီး နန်းကျင်စီးပွားရေးဇုန်တည်ဆောက်ရေး ဆွေးနွေးရန်အတွက် တရုတ်နိုင်ငံမှ ကောင်စစ်ဝန်တစ်ဦးပါဝင်သည့်အဖွဲ့အား နယ်ခြားစောင့်တပ်မှပစ်ခတ်သည်ဟု မီဒီယာများ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ဖြေကြားချက်. https://www.moi.gov.mm/mal/30-jun-23

မြဝတီသတင်းစာ. (၂၆-၅-၂၀၂၃). *၂၆-၅-၂၀၂၃ ရက်နေ့ မြဝတီသတင်းစာ | Myawady Webportal.* http://myawady.net.mm/node/40993

**中評動態.** (2023, July 7). **駐緬甸使館：警惕涉嫌電詐犯罪的兼職工作.** http://hk.crntt.com/crn-webapp/touch/detail.jsp?coluid=7&kindid=0&docid=106712101

Ministry of Foreign Affairs of the People's Republic of China. (2023, February 21). The Global Security Initiative Concept Paper. Retrieved from https://www.fmprc.gov.cn/mfa_eng/wjbxw/202302/t20230221_11028348.html

Xinhua. (2022, April 21). Xi Focus: Xi proposes Global Security Initiative. Retrieved from https://english.news.cn/20220421/2c0c40da15af4dbeabb1df4d8a9911be/c.html

သားညွန့်ဦး. (2023, May 24). မန္တလေးတိုင်းတွင်း ဓာတ်ငွေ့ပိုက်လိုင်းလုံခြုံရေးကင်း တိုက်ခိုက်ခံရ. Retrieved from VOA Burmese website: https://burmese.voanews.com/a/mandalay-china-pipeline-security-attack/7105828.html

Ministry of Foreign Affairs Myanmar. (2023, April 28). တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative-GSI) အပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက်. Retrieved from https://www.facebook.com/mofamyanmar/posts/pfbid0xax6hRiQLHuET6u7eMwaGUfJkaWF9iQf-Fad1RfvSHSE1tyQPBnCf6GXeYhvrsxowl

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202